# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# စတုတ္ထနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၇၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီညီထွန်း၊ မွန်(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငြိမ်းချမ်းရေးကိစ္စ။ ဦးကော်ရိုင်း၊ ကယား(၉)၊ မိသားစုကိစ္စ။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဇနီးကျန်းမာရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ မိသားစု ရေးရာ။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ မိသားစုကျန်းမာရေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်ရှိ ရန်ကုန် - မန္တလေး လမ်းဟောင်း၏ လမ်းဘေးဝဲယာ တစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး က ပဲခူးတိုင်း ဒေသကြီး၊ အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ များနှင့် ညီညွတ်မှု ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်း ဒေသကြီး၊ အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်း ဘေးဘက်ဝဲယာမှ လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုထားခြင်းနဲ့ ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ နှင့် ကိုက်ညီမှု မရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါ၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကဲ့သို့ ပုံစံတူဖြစ်တဲ့ မေးခွန်းမျိုး ကိုလည်း ပထမအကြိမ် သတ္တမပုံမှန်အစည်းအဝေးမှာ ၂၇-၆-၂၀၁၃ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ကလည်း ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းကို မီးမောင်းထိုးပြီးတော့ မေးပြခဲ့ဖူးသလို၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် ကလည်း ၂၁-၈-၂၀၁၃ ရက်နေ့မှာ ကဝမြို့နယ်နဲ့ သနပ်ပင် မြို့နယ်ကို မီးမောင်းထိုးပြီး မေးပြခဲ့တာကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်တို့ ပဲခူးတိုင်းထဲမှာတော့ လယ်ယာမြေကို အခြားမြေ များအဖြစ် ပြောင်းလဲသုံးစွဲမှုတွေဟာ မြန်ဆန်များပြားနေတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ကျွန်တော့် အနေနဲ့ ဒီမေးခွန်းမေးမြန်းချက်ဟာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်ကို အခြေခံ ပေမယ့် တစ်နိုင်ငံလုံးကို စီးဆင်းသက်ဝင်သွားစေဖို့ ရည်ရွယ်ပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ရေးဆွဲ ပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေဥပဒေဟာ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှ ရေးဆွဲပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေ နည်းဥပဒေ ဟာ ဩဂုတ်လ ၃၁ ရက်နေ့တွင်လည်းကောင်း စတင်ပြီး အာဏာတည်ခဲ့ပါတယ်။ ဒီလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများထဲမှ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ရရှိသူများရဲ့ အခွင့်အရေးများ၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများ၊ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့

ပါက အရေးယူခြင်းနဲ့ ပြစ်မှု၊ ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကို အသေးစိတ်ရေးဆွဲထားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် လယ်သမားများရဲ့ အခွင့်အရေးနဲ့ လိုက်နာရမယ့် စည်းကမ်းတို့ကို ချိန်ခွင်လျှာ ညှိပေးပြီး၊ ပြစ်မှု၊ ပြစ်ဒဏ်များ မပေါ်ပေါက်စေရေးအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ရပ်/ကျေးမှသည် ဗဟိုအထိ ဖွဲ့စည်းပြီးတာဝန်ပေးထားတာကိုလည်း တွေ့ရပါတယ်။ သို့ပါသော်လည်း လက်ရှိပကတိ အခြေအနေများမှာတော့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိထားသူများ၊ မြေစာရင်းမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ အိမ်ခြံမြေပွဲစားများ၊ ငွေရှင်ကြေးရှင် စီးပွားရေး လုပ်ငန်းရှင်များဟာ လယ်ယာမြေဥပဒေ အခန်း(၃)၊ ပုဒ်မ ၉(ခ)အရ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနဲ့အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နဲ့ ပေးကမ်းခွင့် ရရှိစေရမည် ဆိုတဲ့အချက်အပေါ်မှာ လိုရာကိုဆွဲယူပြီး အပေးအယူပြု၊ နားလည်မှုလုပ်ကာ လယ်ယာမြေများကို အခြားမြေများအဖြစ်သို့ ပြောင်းလဲ အသုံးပြုနိုင်အောင် ကြိုးစားလုပ်လာခဲ့တဲ့အတွက် ယနေ့ ကျွန်တော်တို့ ရန်ကုန်-မန္တလေး အဝေးပြေး လမ်းမဟောင်းကြီးရဲ့ဘေးမှ လယ်ယာမြေဈေးနှုန်းများဟာ အဆမတန် တန်ဖိုးမြင့်တက်နေလျက် ရှိပါတယ်။

လယ်သမားများရဲ့ စီးပွားရေးကြပ်တည်းမှု၊ ငွေကြေးလိုအပ်မှုတို့ကို အခွင့်ကောင်း ယူကာ တာဝန်ရှိသူများနဲ့ ပူးပေါင်းပြီး၊ ငွေရှင်ကြေးရှင် စီးပွားရေးလုပ်ငန်းရှင်များက ကယ်တင်ရှင်ကြီးများ သဖွယ် လယ်သမား အခက်၊ ငွေရှင်ကြေးရှင် အချက် မှတ်ယူကာ လယ်သမားများထံမှ လယ်ယာမြေများကို လယ်ယာမြေဈေးနှုန်းလည်း မက၊ အိမ်ခြံမြေဈေးနှုန်းများလည်း မကျ ဈေးကောင်းများပေး၍ ဝယ်ယူနေလျက်ရှိပါတယ်။ အချိန်ကာလကြာလာလျှင် လယ်သမားများဟာ လယ်မဲ့၊ ယာမဲ့ဘဝများသို့ ရောက်ရှိသွားပြီး၊ ဆင်းရဲတွင်းနက်ကြရမယ့် အခြေအနေမျိုးသို့ ရောက်ရှိလာနိုင်ရာ ဥပဒေနဲ့အညီ စိစစ်တားမြစ်နိုင်ခြင်း မရှိပါက အလွန်စိုးရိမ်စရာ အခြေအနေများကို ရောက်ရှိလာနိုင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်း ဘေးဘက်ဝဲယာ တစ်လျှောက်မှာ လယ်ယာမြေများကို အခြားမြေများအဖြစ်သို့ ပြောင်းလဲအသုံးပြုမှုများဟာ ယခင်က ထက် ပိုမိုများပြားနေလျက်ရှိပါတယ်။ ဒီလို ပြုလုပ်မှုများထဲမှာ လူနေအိမ်များ ဆောက်လုပ်ခြင်း၊ ဈေးဆိုင်၊ စားသောက်ဆိုင်နှင့် ဆီဆိုင်များ ဆောက်လုပ်ခြင်း၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေများကို ခြံစည်းရိုးတိုင်စိုက်၍ လပ်ထားခြင်းများ ပြုလုပ်ထားသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ဒါတွေကို အထောက်အထား ပြည့်ပြည့်စုံစုံ Power Point နဲ့ တင်ပြဖို့ စီစဉ်သော်လည်း ကျွန်တော့် Memory Stick အခက်အခဲကြောင့် ကျွန်တော် တင်ပြနိုင်ခြင်း မရှိပါဘူး။ ကျွန်တော် အစက စီစဉ်ထားပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ ပြုလုပ်မှုများမှာ အဓိကတာဝန်ရှိတဲ့ အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများ၊ မြေတိုင်းစာရေးများနဲ့ မြေစာရင်းဦးစီးမှူးများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် စိစစ်ကြပ်မတ်တားဆီးမှု အားနည်း

လျက်ရှိသည့်အပြင် ပါဝင်ပတ်သက်မှုများပင် ရှိနေသည့်အတွက် မကြာခဏ တိုင်ကြားမှုများ ပေါ်ပေါက်နေလျက်ရှိပါတယ်။ အဆောက်အဦ အခိုင်အမာဆောက်လုပ်ပြီးပါမှ တားဆီးပါက မလိုလား အပ်တဲ့ ဆုံးရှုံးနစ်နာမှုများနဲ့ ဆိုးကျိုးများကို ဖြစ်နိုင်သလို၊ တာဝန်ရှိ အဖွဲ့အစည်းများရဲ့အပေါ်မှာလည်း အများပြည်သူရဲ့ အထင်အမြင် လွဲမှားမှုများကိုလည်း ဖြစ်စေနိုင်ပါတယ်။ အောက်ခြေအဆင့်မှာဆိုလျှင် မြေတိုင်းစာရေးများကို လိုင်စင်ရ မြေပွဲစားများ၊ မိုးမခေါင် ရေမကြီး မြေကြီးက ရွှေသီးသူများ၊ ကွင်းမဆင်း၊ ရုံးမတက် ဂရန်လုပ်ဖို့သာ ဆောင်ရွက်လို့ ပြောနေကြတာကိုလည်း ကြားနေရပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ ဒါလေးကို ကျွန်တော် ဆက်လက်ပြီး တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဇီးဖြူသောင်ကျေးရွာအုပ်စု၊ မအူပင်ကျေးရွာမှာ စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့တဲ့ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း ရှိပါတယ်။ ယခု ပညာသင်နှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အတွက် ကျောင်းပြောင်းရွှေ့ခွင့် ပညာရေး ဝန်ကြီးဌာနက ခွင့်ပြုထားတာ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကျေးရွာက ကျောင်းဖြစ်မြောက်ရေး ကော်မတီအဖွဲ့များက မြေတိုင်းစာရေးနဲ့ ညှိနှိုင်းတဲ့အခါမှာ၊ လယ်ယာမြေကို အခြားမြေအဖြစ် ကျွန်တော်တို့ ကျောင်းဆောက်လုပ်ခွင့်ရအောင် ဆောင်ရွက်တဲ့အခါမှာ အထက် အဆင့်ဆင့်ကိုပေးဖို့ ဆိုပြီးတော့ ငွေ(၇၀၀၀၀) တောင်းပါတယ်။ အဲဒီလို တောင်းတဲ့အခါမှာ တချို့ကော်မတီ အဖွဲ့ဝင်တချို့က ကျေနပ်မှုမရှိတဲ့အတွက် ကျွန်တော့်ဆီကို အကျိုးအကြောင်းလာ ပြောပါတယ်။ ကျွန်တော်ကလည်း သက်ဆိုင်ရာ မြေစာရင်းဦးစီးကို၊ မြို့နယ်မြေစာရင်းဦးစီးကို သွားပြီးတော့ အကျိုးအကြောင်းပြောတဲ့ အခါမှာ ကျွန်တော်တို့အနေနဲ့ ဌာနဆိုင်ရာ အဆောက်အဦ များကို အခြားမြေအဖြစ် သုံးစွဲခွင့်ရအောင် ပြုလုပ်တဲ့နေရာမှာ တစ်ပြားတစ်ချပ်မှ ယူပြီးတော့ ဆောင်ရွက်ပေးတာ မရှိပါဘူးလို့ ပြောပါတယ်။ နောက်နေ့မှာ၊ အဲဒီလို ပြောပြီးတဲ့ နောက်နေ့မှာ အဲဒီငွေ(၇၀၀၀၀)ကို (၆၀၀၀၀)တော့ ပြန်ပေးပါတယ်။ (၁၀၀၀၀)ကတော့ လက်လွှန်သွားလို့ ဆိုပြီးတော့ မရခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာက ဌာနဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်တဲ့နေရာမှာတောင်မှ အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲတဲ့ နေရာမှာ တစ်ပြားတစ်ချပ်မှ မယူပါဘူးလို့ ပြောတာတောင် (၇၀၀၀၀)လောက်အထိ တောင်းတယ် ဆိုရင် ပုဂ္ဂလိကဆိုင်ရာ အဆောက်အဦများနဲ့ မြေများကို အခြားမြေများအဖြစ် ပြောင်းလဲပြီး သုံးစွဲမယ် ဆိုရင် မည်ရွေ့မည်မျှများ တောင်းခံနေမှာလဲလို့ ကျွန်တော်တွေးမိတာပါ။ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ရေနံချောင်းခရီးစဉ်တုန်းက ပြောခဲ့သလိုပဲ ပုဒ်မ ၄၊ ပေးမှလုပ်။ အပိုင်း(၄)၊ အပေးလိုင်းများ ခွင်မဝင် ဝင်အောင် ညှိပြီးတော့ ခေါက်ရိုးကျိုးတွေ မပြေသေးတဲ့ ဉာဉ်ဆိုးတွေဟာ အောက်ခြေမှာ အမြစ်တွယ် ရှင်သန်နေလျက်ရှိပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကတာဝန်အရှိဆုံးဖြစ်တဲ့ လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေနဲ့ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာဖူလုံရေး၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု မကျဆင်းစေရေးအတွက် တောင်သူလယ်သမားများထံမှ လယ်ယာမြေများကို ဝယ်ယူထားတဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့ ကုမ္ပဏီများကို စပါးသီးနှံ မပျက်မကွက် ဆက်လက်စိုက်ပျိုးကြရေးနှင့် ယင်းမြေ ပေါ်မှာ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ အခြားနည်းအဖြစ် ပြောင်းလဲအသုံးပြုကြစေရေးအတွက် အသစ်ပြဌာန်းထားပြီးဖြစ်တဲ့ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား သိရှိလို၍ မေးမြန်းလိုသည်မှာ (က) ဖော်ပြပါ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမ ဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲ ခဲ့ခြင်းများမှာ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ၊ မရှိပါက မည်သို့ အရေးယူ ဆောင်ရွက်ပါမည်လဲ။ (ခ) ယခင်နှင့် ယခုအထိ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ လက်ဦးမှု ရယူကာ အခိုင်အမာ အဆောက်အဦများ ဆောက်လုပ်ထားခြင်းအပေါ်မှာ ဥပဒေနှင့် ညီညွတ်အောင် မည်ကဲ့သို့ ပြန်လည်ကုစားပေးပါမည်လဲ။ (ဂ) နောက်ထပ် ဥပဒေမဲ့ဖြစ်ရပ်မျိုး မပေါ်ပေါက်အောင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသလဲ။ ဒီဖြစ်ရပ်မျိုးတွင် ပါဝင်ပတ်သက်သော သက်ဆိုင်ရာ ဝန်ထမ်း အဆင့်ဆင့်ကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပါမည်လဲလို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ သိရှိ လို၍ လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ Memory Stick အခက်အခဲက ဘယ်လို ဖြစ်တာလဲ။

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ ကျွန်တော်က Stick နဲ့ ယူလာ ခဲ့တာ၊ Stick နဲ့ ယူလာခဲ့တော့ ဒီကျတော့ Stick က Virus တွေ ဘာတွေပါတော့ CD နဲ့ ပြောင်းတယ်။ CD နဲ့ ပြောင်းတဲ့အခါ စက်က ပြန်မဖတ်ဘူး ဖြစ်နေတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၈။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် လယ်ယာ စိုက်ပျိုးရေးနဲ့ ဆည်မြောင်း ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီးက တင်ပြဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ၏ ကြယ်ပွင့်ပြ မေးခွန်းတွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲ သုံးစွဲခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ။ မရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်မှု ပြုလုပ်မည်ကို သိရှိလိုပါကြောင်း ဖော်ပြပါရှိပါတယ်။ လယ်ယာမြေဥပဒေ အခန်း(၁၀)၊ လယ်ယာမြေ ကို အသုံးချခြင်းတွင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်းနှင့် စပ်လျဥ်း၍

လယ်ယာမြေဥပဒေ ပုဒ်မ ၂၉၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃၀ မှာ အောက်ပါအတိုင်း တိကျစွာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၂၉၊ နိုင်ငံတော်၏ ရေရှည်အမျိုးသား အကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်သည့် ဝန်ကြီးဌာနဟာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ သဘောထားမှတ်ချက် ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်တယ်။

လယ်ယာမြေဥပဒေ ပုဒ်မ ၃၀၊ အများပြည်သူ အကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နဲ့ စပ်လျဉ်း၍ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ (ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်တယ်။

အလားတူ လယ်ယာမြေ နည်းဥပဒေ ၇၉၊ ၈၀ တို့တွင်လည်း လယ်ယာမြေကို အခြားနည်းလမ်းဖြင့် အသုံးပြုနိုင်ခွင့်နှင့် ပတ်သက်၍ အသေးစိတ် တိကျစွာ ပြဋ္ဌာန်းထားရှိပါတယ်။ လယ်ယာမြေ ဥပဒေနှင့် နည်းဥပဒေများအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ဝင်(၂၀)ဦးပါ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဖွဲ့ဝင်(၁၀)ဦးပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တို့ကိုလည်း ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းတာဝန်ပေးပြီး ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၅(ဂ)တွင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်ရမည်ဟု တိကျစွာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်ကို ဆက်လက်တင်ပြရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေး မူလလမ်းဘေးဝဲယာမှာ ဖြူးမြို့နယ်အဆုံး၊ အုတ်တွင်းမြို့နယ်အစ ညောင်လွင့်ကျေးရွာအုပ်စုမှ ညောင်လွင့်ကျေးရွာ အပါအဝင် အုတ်တွင်းမြို့နယ်အဆုံး၊ တောင်ငူမြို့နယ်အစ အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စုအထိ ကျေးရွာ(၁၂)ရွာတည်ရှိပြီး၊ အဆိုပါ ကျေးရွာ(၁၂)ရွာမှာ ယခင်အစိုးရအဆက်ဆက် လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲခွင့် လ/န(၃၉)အရ တရားဝင်ခွင့်ပြုချက်မရဘဲ လယ်ယာမြေပေါ်မှာ ကျူးကျော်လျက် လူနေအိမ်ရာ မြေအများစု အပါအဝင် ဆောက်လုပ်အသုံးပြုထားသည့် အဆောက်အဦ၊ ခြံဝင်းပေါင်း (၄၅၀)ခန့် အသုံးပြုထားသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေအရ လက်ရှိအစိုးရသစ်လက်ထက်မှာ လယ်ယာမြေများ စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲရန် အလို့ငှာ ခွင့်ပြုမိန့်တစ်စုံတစ်ရာ ထုတ်ပြန်၍ ခွင့်ပြုပေးထားခြင်း လုံးဝမရှိသေးကြောင်းနဲ့ အဆိုပါ ကျူးကျော်ဆောက်လုပ်အသုံးပြုထားတဲ့ အဆောက်အအုံ၊ ခြံဝင်းများနဲ့ ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၄)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ပါက လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ စုံစမ်းစစ်ဆေးပြီး

အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျော်လွန်၍ ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေအရ သော်လည်းကောင်း၊ ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းအရသော်လည်းကောင်း၊ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ နိုင်ငံတော်တာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံးဟာ သာမန်ပြည်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေအပြင် ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လိုက်နာရပြီး အကယ်၍ လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲစည်းမျဉ်းစည်းကမ်း ဥပဒေနှင့်အညီ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတစွာဖြင့် သတိပေးခြင်းမှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည်အထိ နိုင်ငံနှင့်အဝန်း အပြစ်ပေးအရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ပါက တရားစွဲအရေးယူဆောင်ရွက်ခြင်းအထိ အရေးယူဆောင်ရွက်မှုများရှိပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြေကြားခဲ့ပါတယ်။

လယ်ယာမြေဥပဒေ အခန်း(၄)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)မှာ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ ဟု တားမြစ်ပြဋ္ဌာန်းထားရှိပြီး၊ အခန်း(၇)၊ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်းနှင့် အခန်း(၁၂) ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ အောက်ပါအတိုင်း တိကျစွာ ပြဋ္ဌာန်းထားရှိပါတယ်။ ပုဒ်မ ၁၉ ဤဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကို ဖြစ်စေ၊ စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် ဥပဒေနှင့် ဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်တယ်။ (က) သတ်မှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊ (ခ) သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ (ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊ (ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း၊ ပုဒ်မ ၂၀၊ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်ထားသောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

ပုဒ်မ ၃၅၊ မည်သည့် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၉ အရ ချမှတ်ထားသော အမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုမှာ ချမှတ်ထားသောအမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး(၆)လမှ အများဆုံး(၂)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်တယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈ အရ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်တဲ့ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ ခိုင်မာစွာ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၂-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၂/၂၀၁၂ ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားရှိခဲ့ပြီး၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၆-၁၀-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၂ ဖြင့်

နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပေးခဲ့ပြီး၊ ထိုလယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များကိုယ်တိုင် ပါဝင်ဦးဆောင်တဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကိုလည်း ခိုင်မာစွာ ဖွဲ့စည်းတာဝန် ပေးအပ်ထားပြီး ဖြစ်ပါတယ်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်ကိစ္စများနှင့် စပ်လျဉ်းပြီး အထက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များဦးဆောင်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်စွာ လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့်လည်း ဥပဒေကို တိတိကျကျ ကျင့်သုံးလိုက်နာ တာဝန်ခံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံစေရန် လယ်ယာမြေကို အကြောင်းကြောင်းကြောင့် အခြားနည်းလမ်း အသုံးပြု၍ လျော့နည်းမှုများကို ဥပဒေနှင့်ညီညွတ်စွာ ထိန်းသိမ်းနိုင်ရေးနှင့် ယခင် အစိုးရကာလက ယခင်ကာလ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် လက်ရှိ အစိုးရကာလတွင် ဖြေရှင်းမပြီးပြတ်သေးသော လယ်ယာမြေပြဿနာများကို လေးနက်စွာ သင်ခန်းစာယူပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူနေကြသူများအနေနဲ့ ဥပဒေနှင့် မညီညွတ်သော လယ်ယာမြေကို အခြားနည်း အသုံးပြုမှုများ မပေါ်ပေါက်စေရေးအတွက် တိတိကျကျ ကျင့်သုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ၆-၈-၂၀၁၃ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ်သတင်းစာများမှာ ဖော်ပြထားပြီးလည်း ဖြစ်ပါတယ်။

လယ်ယာမြေကို သီးနှံပုံစံပြောင်း၍ စိုက်ပျိုးလိုပါကလည်း ဆောင်ရွက်ရမည့် နည်းလမ်းများကို လယ်ယာမြေနည်းဥပဒေ ၆၉၊ ၇၇ နဲ့ ၉၇ တို့မှာ တိကျစွာ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ လယ်ယာမြေများအပေါ် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေး အတွက် စိုက်ပျိုးမြေ လျော့နည်းမှုမရှိစေရေး အထူးကြပ်မတ် ဆောင်ရွက်ရမှာဖြစ်ပြီး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်များအနေဖြင့် နိုင်ငံတော်၏ စားရေရိက္ခာ ဖူလုံရေးအတွက် လယ်ယာမြေများ လျော့နည်းမှုမရှိစေရေးကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီစွာ စစ်ဆေးကြပ်မတ်ဆောင်ရွက်ပြီး တင်ပြကြရန် အကြောင်းကြားထားပြီးလည်း ဖြစ်ပါတယ်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လိုအပ်သည့် စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၅-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၄/၂၂၀(ဂ)(၆)(၆၃၀/၂၀၁၃) ဖြင့် တင်ပြဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့

၉-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၇၉၅/၃၄၉-၁-၁၉/အဖရ(၂၀၁၃) ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးထံကို လက်ရှိအချိန်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အချို့မြို့ကြီးများတွင် လယ်ယာမြေများအား အခြားနည်းဖြင့် သုံးစွဲခြင်းကို ဥပဒေမဲ့ ဆောင်ရွက်နေကြောင်း တင်ပြစာများအရ သိရှိရပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က ကွပ်ကဲမှုနယ်မြေအလိုက် ဥပဒေမဲ့ဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြကြရန်နဲ့ ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေများနဲ့ ကိုက်ညီမှု မရှိသည့် အသုံးပြုဆောင်ရွက်ထားရှိမှုများအပေါ်မှာ မြေပြင်စစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့် ညီညွတ်စွာ အရေးယူဆောင်ရွက်သွားကြရန် ပြည်ထောင်စုအစိုးရအဖွဲ့မှလည်းပဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများကို တိတိကျကျ ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်ရဲ့မဲဆန္ဒနယ် ရမည်းသင်းဘက်မှာလည်း အလားတူပဲ လယ်ယာမြေတွေမှာ မြေဖို့ပြီးတော့ အထူးသဖြင့်တော့ ခါတ်ဆီဆိုင်တွေ မှိုလိုပေါက် ပြီးတော့ တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု ပေါ်လာတာတွေ ဖြစ်နေတယ်။ ရန်ကုန်နဲ့ မန္တလေးကြားထဲမှာ ခါတ်ဆီဆိုင်လုပ်ငန်းတွေ ထွန်းကားလာတဲ့အတွက် ဒီလယ်ယာမြေ အခြားနည်း ဥပဒေမဲ့ သုံးစွဲတဲ့ တရားဝင်ခွင့်ပြုချက်မရဘဲနဲ့ သုံးစွဲတဲ့ကိစ္စတွေကတော့ အမြောက်အမြား ရှိမယ်ထင်ပါတယ်။ အခု ပဲခူးတိုင်းမှာ (၄၅၀)လောက်ရှိသလို မန္တလေးတိုင်းမှာလည်း ရှိမှာပဲ။ ရန်ကုန်နဲ့မန္တလေးကြား ဖြစ်တဲ့ အတွက်။ ဒါတွေကိုတော့ ခုနက လွှတ်တော်ကိုယ်စားလှယ် တင်ပြ သလို အရေးယူစရာရှိရင်လည်း အမြန်အရေးယူတားဆီးဖို့ လိုမယ်။ တရားဝင်ခွင့်ပြုလို့ရတဲ့နေရာတွေမှာ ခွင့်ပြုပါ။ လိုအပ်ချက်တစ်ရပ် အနေနဲ့ ခွင့်ပြုနိုင်ပါတယ်။ အဲဒီတော့ မြေအမျိုးအစား ခွဲခြားရမယ်။ စိုက်လို့ပျိုးလို့ မရတဲ့မြေ ဖြစ်ရမယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ အခု လုပ်ချင်သလို လုပ်နေတဲ့သဘော ဖြစ်လာတာပေါ့နော်။ ဒါကြောင့် မို့လို့ ဒီကိစ္စမှာ ခုနက ဒုဝန်ကြီးပြောတာ၊ ပြည်ထောင်စုသတင်းစာတွေ ဆိုတဲ့အခါကျတော့၊ ပြည်ထောင်စု သတင်းစာ ဆိုတာ မှားနေတယ် ထင်တယ်။ ပြည်ထောင်စုသတင်းစာဆိုတာ ပါတီက ထုတ်တဲ့ သတင်းစာပါ။ ကြေးမုံနဲ့ မြန်မာ့အလင်းမှာ ထည့်ရမှာပေါ့။ ခင်ဗျား ဆိုလိုတာ အဲဒါပဲ ဖြစ်ပါလိမ့်မယ်။ ကြေးမုံနဲ့ မြန်မာ့အလင်းမှာ သေချာအောင် လုပ်ပြီးတော့ ဒါတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့တွေ ကလည်း ဆောင်ရွက်သလို ခင်ဗျားတို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့လည်း အမြင်မတော်တာ တွေ့ရင်၊ တွေ့တဲ့ဥစ္စာကို ချက်ချင်းညှိနှိုင်းပြီးတော့ ဆောင်ရွက်တတ်ဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ လယ်ယာထွက်ကုန်နဲ့ ပတ်သက်လို့ တာဝန်အရှိဆုံးက ခင်ဗျားတို့ဖြစ်နေလို့။ ဟုတ်ပြီနော်။ ကောင်းပါပြီ။ ထိုင်ပါ။

အဲဒီတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဒီမေးခွန်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်တဲ့ မေးခွန်းဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ မေးမြန်းတဲ့

လုံးကောက်၊ ဖြေကြားတဲ့လုံးကောက်နဲ့ ဥက္ကဋ္ဌရဲ့ပြောကြားချက်ကို ထည့်သွင်းတဲ့အပြင် ကြေးမုံနဲ့ မြန်မာ့အလင်း သတင်းစာတွေမှာ ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူဆယ်မြို့နယ်အတွက် လုံခြုံရေးအင်အား တိုးမြှင့်ချထားပေးရန်နှင့်အတူ ရဲတပ်ဖွဲ့ဝင်တို့အား နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များ တပ်ဆင်ပေးပြီး နယ်စပ်ဂိတ်တိုင်းကို ခေတ်မီအောင် ပြန်လည်တည်ဆောက်ပေး၍ ခေတ်မီထောက်လှမ်းမှု အထောက်အကူပစ္စည်းများ တပ်ဆင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် က မူဆယ်မြို့နယ်အတွက် လုံခြုံရေးအင်အား တိုးမြှင့်ချထားပေးရန်နှင့်အတူ ရဲတပ်ဖွဲ့ဝင်တို့အား နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များ တပ်ဆင်ပေးပြီး နယ်စပ်ဂိတ်တိုင်းကို ခေတ်မီအောင် ပြန်လည်တည်ဆောက်ပေး၍ ခေတ်မီထောက်လှမ်းမှု အထောက်အကူပစ္စည်းများ တပ်ဆင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝ နှုတ်ခွန်းဆက်သပြီးတော့ အားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခအပေါင်းနှင့် ထာဝစဉ် ပြည့်စုံခညောင်းနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မူဆယ်မြို့နယ်အတွက် လုံခြုံရေးအင်အား တိုးမြှင့်ချထားပေးရန် နှင့်အတူ ရဲတပ်ဖွဲ့ဝင်တို့အား နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များ တပ်ဆင်ပေးပြီး နယ်စပ်ဂိတ် တိုင်းကို ခေတ်မီအောင် ပြန်လည်တည်ဆောက်ပေး၍ ခေတ်မီထောက်လှမ်းမှု အထောက်အကူ ပစ္စည်းများ တပ်ဆင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရခြင်းရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံ တစ်နံတစ်လျား နယ်စပ်မြို့တိုင်း၊ မြို့တိုင်းမှာ လည်းပဲ မူဆယ်မြို့လို ဆောင်ရွက်ပေးစေချင်တဲ့ဆန္ဒနဲ့ မေးခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရေမြေချင်းဆက် စပ်လျက်ရှိတဲ့ မူဆယ်မြို့ဟာ ဟိုယခင် စိုင်းဆိုင်မော(ဝ်) သီချင်းလို ချိုင့်ခွက်တွေ ပေါ်များလှတဲ့ မူဆယ်-

နမ့်ခမ်းလမ်း မဟုတ်တော့ဘဲ တပ်မတော်အစိုးရလက်ထက်မှ စပြီးတော့ ခရီးလမ်းပြေပြစ်ချောမော လာသည်နှင့်အမျှ ပြည်တွင်းမှာရှိတဲ့ အမြို့မြို့၊ အနယ်နယ်၊ အရပ်ရပ်ခရီးသည်များအတွက် လာရောက် လည်ပတ်ရန်၊ ကုန်စည်ဖလှယ် ကူးသန်းရောင်းဝယ်ရန်၊ နောက်ဆုံး အခြေကျနေထိုင်ရန် ကောင်းတဲ့ မြို့တစ်မြို့အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။ ဒါကြောင့်မိုလို့လည်းပဲ မူဆယ်မြို့ဟာ တစ်နှစ်ထက် တစ်နှစ် ပိုမိုစည်ကားတိုးတက်လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံဘဏ္ဍာငွေအတွက် (၇ဝ)ရာခိုင်နှုန်းကျော်ကျော် ရှာဖွေ ဖော်ဆောင် ပေးနေတဲ့ မူဆယ်၁ဝ၅မိုင် ကုန်သွယ်ရေးဇုန်ကြီး တည်ရှိနေခြင်းကြောင့်လည်း မူဆယ်အဝင် ကားကြီး၊ ကားငယ်၊ကားလတ် အထပ်ထပ် စီတန်းစောင့်ဆိုင်း နေကြရသည်ကို တွေ့ရပင်လျှင် အမှန်ပင် အလွန်စည်ကား မူဆယ်မြို့ပါလားဟု လူတိုင်းမှတ်ချက်ချသွားနိုင်ပါတယ်။ သို့သော်လည်းပဲ တိုးတက် စည်ကားခြင်းရဲ့ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ကောင်းမွေ၊ ဆိုးမွေများကိုလည်းပဲ ဒေသခံ ပြည်သူများ ခံစားရရုံတင်မက ရပ်ဝေး၊ ရပ်နီးဧည့်သည် ခရီးသည်များပါ မျှဝေခံစားနေရပါတယ်။ ထို့ကြောင့် မြို့စည်ပင်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ မြို့နယ်တစ်နယ် လုံးရဲ့ လုံခြုံရေးပိုင်းကိုလည်း ရှေ့တန်းတင်ပြီးတော့ အထူးပြင်ဆင်သွားရန် လိုအပ်ပါတယ်။ မူဆယ်မြို့နယ် တစ်ခုလုံးအတွက် လုံခြုံရေးအင်အားတိုးမြှင့်ပြီး တင်းကျပ်စွာ လုံခြုံရေး ချထားပေးရန် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များ ပြောင်းလဲတပ်ဆင်ပေးရန် မူဆယ်နယ်စပ်ဂိတ်တိုင်း သည်လည်း တစ်ဖက်နိုင်ငံနှင့် ယှဉ်လို့ရှိရင် များစွာကွာဟ နေပါသေးတယ်။ ဒါကြောင့်မိုလို့ နယ်စပ် တစ်လျှောက်ရှိ ဂိတ်အဆောက်အဦတိုင်းကိုလည်း ခေတ်မီအဆောက်အဦများအဖြစ် ပြောင်းလဲ တည်ဆောက်ပေးရန် လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်နိုင်ငံ နယ်စပ်ဂိတ်တိုင်းမှာ ထောက်လှမ်းမှု အထောက်အကူ ပစ္စည်း CCTV Camera များ တပ်ဆင်ပေးလျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ မူဆယ်-ရွှေလီနယ်စပ်တစ်လျှောက်မှာရှိတဲ့ ဂိတ်တိုင်းမှာလည်းပဲ CCTV Camera များ တပ်ဆင် ပေးရန် လိုအပ်လာပြီ ဖြစ်ပါတယ်။ မူဆယ်မြို့နယ်ဟာ မူဆယ်မြို့နယ်ခွဲ(၃)ခု၊ ရပ်ကွက်ပေါင်း (၂၄)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၅၂)အုပ်စုနဲ့ ကျေးရွာပေါင်း(၂၈ဝ)ရွာ ပါဝင်ပါတယ်။ မူဆယ် မြို့နယ်ဟာ တရုတ်ပြည်နဲ့ နယ်နိမိတ်ကျောက်တိုင်ပေါင်း(၆၂)တိုင်၊ မိုင်ပေါင်း(၆၁.၁၁)မိုင်အထိ ထိစပ်လျက်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ လူဦးရေ(၁၂၆၁၅၉)ဦး ရှိသော်လည်း မြို့နယ်ရဲ့ လုံခြုံရေး အတွက် ရဲစခန်း(၆)ခု၊ ရဲတပ်ဖွဲ့ဝင်အင်အား (၂၉၇)ဦးသာ ရှိသဖြင့် အင်အားမျှတမှု မရှိပါ။ နယ်စပ်မြို့ ဖြစ်၍ ဒုစရိုက်သမားများအတွက် တစ်ဖက်နိုင်ငံသို့ အလွယ်တကူ ထွက်ပြေးတိမ်းရှောင် ခိုအောင်း နိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။ ဒါကြောင့်မို့ ဒုစရိုက်မှုများ၊ အထူးသဖြင့် လူသတ်မှုများ ဖြစ်ပေါ် လာပါက တရားခံများကို ဖမ်းဆီးရမိခြင်း မရှိသည်က များနေပါတယ်။

ကျွန်တော် မှတ်သားချက်များထဲက အချို့ကို ကောက်နှုတ်တင်ပြရမယ်ဆိုလို့ရှိရင် (၁) ၃၁-၁၂-၂ဝ၁၁ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ မူဆယ်မြို့နယ်၊ အောက်တုန်ခန်ကျေးရွာနေ တုန်ခန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား ဝင်ရောက်သတ်ဖြတ်မှု ဖြစ်ပါတယ်။ နှာခေါင်းနဲ့ ပါးစပ်တို့ကို Mask များဖြင့် အုပ်ထားတဲ့ အမည်မသိ သေနတ်သမား(၂)ဦးက အိမ်အတွင်းဝင်လာပြီး ည(၇)နာရီ အချိန်ခန့် ထမင်းစားပြီး တီဗွီကြည့်နေကြတဲ့ အုပ်ချုပ်ရေးမှူး ဦးစမ်မောင် နဲ့ ရပ်ဝေးမှ အလည်လာတဲ့

ၔင်းရဲ့ မိတ်ဆွေသူငယ်ချင်းဖြစ်တဲ့ ဦးဝင်းမောင် တို့အား သေနတ်ဖြင့် ပစ်သတ်ထွက်ပြေးသွားကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားခံများကို ဖမ်းမိခြင်း မရှိသေးပါ။

(၂) ၁၉-၁-၂၀၁၂ ရက်နေ့က ဖြစ်ပွားတဲ့ မူဆယ်မြို့ ဈေးရပ်ကွက်(ဈ/၃၈)အိမ် တံခါးဝအနီး ဓားပြတိုက် လူသတ်သွားတဲ့အမှု ဖြစ်ပါတယ်။ အချိန်ကား ည(၆)နာရီ (၄၅)မိနစ်အချိန်၊ အသတ်ခံရတဲ့ စိုင်းယီထွန်း ဟာ ညဈေး ရွှေဆိုင်ပိတ်၍ အိမ်သို့ Van ကားမောင်းပြီး အိမ်တံခါးဝအရောက် ကားရပ်နားနေစဉ် ရှေ့ခန်းမှာ အတူထိုင်နေတဲ့ ယောက္ခမရဲ့ ရွှေထုပ်ကို အမည်မသိ သေနတ်သမား(၃)ဦးတို့က လုယက်ဆွဲထုတ်သဖြင့် စိုင်းယီထွန်း မှ ပြန်လည်ဆွဲယူရာ ကျန်သော သေနတ်သမား(၂)ဦးက ဦးစိုင်းယီထွန်း ၏ ဦးခေါင်းကို သေနတ်ဖြင့် ပစ်၍ ကျည်ဆံဦးခေါင်းကို ဖြတ်ဖောက်ကာ ယောက္ခမကြီးရဲ့ ဦးခေါင်းကို ဆက်၍ ထိမှန်ခဲ့ပါတယ်။ ဦးစိုင်းယီထွန်း ပွဲချင်းပြီးသေဆုံး၍ ယောက္ခမ ဆေးရုံတက်ခဲ့ရပါတယ်။ နောက်ခန်းတွင် ထိုင်နေတဲ့ ဦးစိုင်းယီထွန်း ရဲ့ ဇနီး ပြောချက်အရ ဓားပြတိုက်ခံရသည့်မှာ ရွှေ(၂)ပိဿာအပြင် အကယ်ဒမီရွှေချောင်း (၁)ချောင်းနှင့်အတူ ငွေသားသိန်း(၈၀) ကျော် ပါသွားသည်ဟု သိရှိရပါတယ်။ တရားခံများကို ဖမ်းဆီးရမိခြင်း မရှိသေးပါ။

(၃) ၃-၁-၂၀၁၃ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်၊ ကောင်းမူးလွယ် ဖူလီလိုက်လမ်းကြား လူသတ်သမားများရဲ့ ပစ္စည်းလု၊ လူသတ်သွားခဲ့တဲ့ အမှု ဖြစ်ပါတယ်။ အချိန်ကား ည (၅)နာရီ (၄၅)မိနစ်ခန့် ဖြစ်ပါတယ်။ သေနတ်သမား(၂)ဦးက ကျယ်ဂေါင်ပေါက်မှ ဆိုင်ကယ်ဖြင့် ပြန်လာတဲ့ နန်းခမ်းမွေ အား တရုတ်မြန်မာငွေရောရာ တန်ဖိုး သိန်း(၃၀၀)ခန့် ထည့်ထားတဲ့ နန်းခမ်းမွေ ရဲ့ ဂျင်းလွယ်အိတ်ကို လုယူရန် ဦးစွာပထမ ဦးခေါင်းကို တူနဲ့ထု မသေမရှင် ဖြစ်နေစဉ် တစ်ဖန် သေနတ်နှင့် ပစ်သတ်ပြီး ဆိုင်ကယ်ပါ လုယူသွားတဲ့ အမှုဖြစ်ပါတယ်။ တရားခံများကို အခုအချိန်ထိ ဖမ်းမမိသေးပါ။

(၄) ၁-၄-၂၀၁၃ ရက်နေ့က ဖြစ်ပွားသော မူဆယ်မြို့ အမှတ်(၁)ဈေးအပေါ်ထပ် ရှင်လင်းရောင်ရွှေဆိုင် ဓားပြတိုက်မှု ဖြစ်ပါတယ်။ အချိန်ကား မွန်းလွဲ(၁၂)နာရီ (၄၀)မိနစ်ခန့် ဖြစ်ပါတယ်။ နှာခေါင်းနှင့်ပါးစပ်တို့ကို Mask များဖြင့် အုပ်ကာထားသော သေနတ်သမား(၃)ဦးတို့က ဆိုင်အတွင်းဝင်လာပြီး သေနတ်အတို(၂)လက်ဖြင့်ထောက်ကာ အခေါက်ရွှေထည်မျိုးစုံ (၅၀)ကျပ်သားခန့်၊ တန်ဖိုးကျပ်သိန်းပေါင်း (၃၇၀)ခန့် ဓားပြတိုက်သွားခဲ့ပါတယ်။ တရားခံများကို ဖမ်းဆီးရမိခြင်း မရှိသေးပါ။

(၅) ၉-၅-၂၀၁၃ ရက်နေ့က ဖြစ်ပွားတဲ့ မူဆယ်မြို့နယ် နမ်ပန်း-နမ့်ဆွမ်းရွာအကြား အမြဲကောင်း စိုက်ခြံအတွင်း ဝင်ရောက်ပစ်ခတ်မှု ဖြစ်ပါတယ်။ အချိန်ကား ည(၁၁)နာရီအချိန်ခန့် ဖြစ်ပါတယ်။ အမည်မသိ လက်နက်ကိုင်များက ဝင်ရောက်ပစ်ခတ်၍ ခြံစောင့် ဦးသောင်းထွန်း မှာ ရင်ဘတ်သေနတ်ဒဏ်ရာတစ်ချက် ထိမှန်သေဆုံးပြီး ဇနီးဖြစ်သူ ဒေါ်ခင်မာဦး နှင့် သားဖြစ်သူ အောင်ကျော်သူ တို့မှာ သေနတ်တစ်ချက်စီ ထိမှန်ဒဏ်ရာရခဲ့ပါတယ်။ ဦးသောင်းထွန်း မိသားစုဟာ ဆိုလို့ရှိရင် မြန်မာပြည်မမှ ရှမ်းပြည်နယ် မူဆယ်မြို့သို့ တက်ရောက် အလုပ်လုပ်ကိုင်သူများ ဖြစ်ကြပါတယ်။ မည်သူမည်ဝါ ဝင်ရောက်ပစ်သတ်သွားကြောင်း မသိရပါဘူး။

(၆) ၆-၆-၂၀၁၃ ရက်နေ့က ဖြစ်ပွားတဲ့ မုံးကိုးမြို့နယ်ခွဲ၊ ဝိန်းဆိုင်ကျေးရွာအုပ်စုအနီး လူသတ်မှု ဖြစ်ပါတယ်။ အချိန်ကားနေ့လည် (၁၂)နာရီအချိန်ခန့် ဖြစ်ပါတယ်။ ဆိုင်ကယ်ဖြင့်

လှည့်လည်စျေးရောင်းနေသူ ကိုမင်းနိုင် အား ဆိုင်ကယ်ပေါ်မှ ဆင်းခိုင်းသည်ဟု ယူဆရပြီး ကိုမင်းနိုင်ကို သစ်ပင်နှင့် ကပ်၍ ကြိုးတုတ်ချည်ကာ သေနတ်ဖြင့် ပစ်သတ်သွားခဲ့ပါတယ်။ အသတ်ခံရသူ ကိုမင်းနိုင် ဟာ ပြည်မမှ မူဆယ်တောင်ရပ်ကွက် (တ/၄၅၅) မှာ နေထိုင်သူဖြစ်ကြောင်း သိရှိရပါတယ်။ တရားခံကို ဖမ်းဆီးရမိခြင်း မရှိသေးပါဘူး။

(၇) ၂၀-၉-၂၀၁၃ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ မူဆယ်မြို့ခရစ်ယာန်ရပ်ကွက်နေ Dr Tin Yang ရဲ့ အိမ်အတွင်း ဝင်ရောက်ပြီး ဓားပြတိုက်ရန် ကြံစည်မှု ဖြစ်ပါတယ်။ အချိန်ကား ည(၅)နာရီအချိန်ခန့် လူနှစ်ယောက် ဆေးကုသမှု ခံယူမည့်ပုံစံဖြင့် Dr Tin Yang ၏ ဆေးခန်းမှတစ်ဆင့် အိမ်အတွင်း ဝင်လာပြီး တံခါးမကြီးတစ်ဖက်တစ်ချက်စီတွင် ပုန်းအောင်းနေပါတယ်။ Dr Tin Yang က လူဝင်လာတဲ့ အသံကြား၍ မိမိ၏ဆိုင်ခန်း ဆေးခန်းထဲသို့ ဝင်ကြည့်ပြီး လူမတွေ့သဖြင့် အိမ်ထဲပြန်အဝင် တံခါးမကြီး ကြားမှ ပုန်းအောင်းနေတဲ့ လူ(၂)ယောက်တို့က Dr Tin Yang အား တုတ်ဖြင့် ဝိုင်းရိုက်ပြီး ပန်းညှပ်သော ကတ်ကြေးဖြင့် ဦးခေါင်း၊ လက်တို့ကို ထိုးဖြတ်ပါတယ်။ Dr Tin Yang က ဓားပြ ဓားပြ ဟု ခေါ်ပြီး အကူအညီ တောင်းတဲ့အခါမှာ ပတ်ဝန်းကျင်အိမ်မှ လူများ ဝင်ရောက်လာပြီး Dr Tin Yang အား ကယ်တင်ကာ ဆေးရုံသို့ ချက်ချင်းပို့ခဲ့ပါတယ်။ လူသတ်ပြီး ဓားပြတိုက်ရန် ကြံစည်သော လူဆိုးနှစ်ယောက်အား ဖမ်းဆီးရမိခြင်း မရှိသေးပါ။

(၈) ၂၄-၉-၂၀၁၃ ရက်နေ့ နဲ့ ၂၅-၉-၂၀၁၃ ရက်နေ့ နှစ်ရက်ဆက်တိုက်၍ ဆိုင်ကယ်စီး အားနဲ့သူ အမျိုးသမီး(၂)ဦးတို့အား မျက်နှာကို ဓားဖြင့် ခုတ်၍ ဆိုင်ကယ်များ လုယူသွားသော အမှု ဖြစ်ပါတယ်။ တစ်ဦးက သချိုင်းကုန်းအနီး ဆင်သေကုန်း၌ နေသူ မထက်အိစံ ဖြစ်ပါတယ်။ မထက်အိစံ မြို့အလာ လမ်း၌ ဖြတ်၍ မထက်အိစံ အား ဓားဖြင့် မျက်နှာကို ခုတ်ကာ ဆိုင်ကယ် လုယူသွားခြင်း ဖြစ်ပါတယ်။ နောက်တစ်ဦးကတော့ မူဆယ်ဆေးရုံမှစာရေးမကြီး မနှင်း ၏ တူမဖြစ်သူ တောင်ရပ်ကွက်နေ မိငယ် အား လူနှစ်ယောက်က ဖြတ်၍ ငွေလုယူသည့်အခါမှာ ဆိုင်ကယ်နဲ့ လူပါ လဲကျသွားပြီး မိငယ် မှ ပြန်လည်လုယူစဉ် လူနှစ်ယောက်က မိငယ် ၏ မျက်နှာ၊ နှာခေါင်းတို့အား ဓားဖြင့်ခုတ်၍ ငွေနှင့် ဆိုင်ကယ်ပါ လုယူသွားခြင်း ဖြစ်ပါတယ်။ မိငယ် အား မန္တလေး နား၊ နှာခေါင်းဆေးရုံသို့ ချက်ချင်း ပို့လိုက်ရပါတယ်။ မျက်နှာအား ဓားဖြင့်ခုတ်ပိုင်း၍ ဆိုင်ကယ်လုယူသွားသူနှစ်ဦးစလုံးကို မမိသေး ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမယ့် အမှုအကြောင်းအရာများဟာ များစွာကျန်သေး ပါတယ်။ ဤမျှနဲ့ပဲ အပွေးမြင် အပင်သိ ဆိုသလို မူဆယ်မြို့နယ်လုံခြုံရေး မည်သို့ မည်မျှ မည်ပုံ လိုနေ ကြောင်းကို ခန့်မှန်းသိရှိနိုင်ပါတယ်။ မူဆယ်မြို့နယ်တွင် လုံခြုံရေးအားနည်းမှုများ ရှိနေပါက တရား ဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်ပါတယ်။ Newton ရဲ့ နိယာမအရ To every action there is an equal and opposite reaction အားတစ်ခု သက်ရောက်လျှင် ထိုအားနဲ့တူညီသော တန်ပြန်သက်ရောက်မှု အားတစ်ခု ရှိသည် ဆိုတဲ့အတိုင်း မူဆယ်မြို့နယ်အတွင်း ဒုစရိုက်ကျူးလွန်သူတိုင်း ကျူးလွန်ခဲ့သော ဒုစရိုက် အတိုင်းအတာနှင့်အညီ ဥပဒေလမ်းကြောင်းအရ အပြစ်ရှိနေပါသဖြင့် ရှာဖွေဖော်ထုတ်ပြီး အပြစ်ပေး ရပါမယ်။ ခိုးမှု၊ သတ်မှု၊ ရိုက်မှု၊ ဓားပြတိုက်မှု၊ အနုကြမ်းစီးမှု ဖြစ်ပေါ်လာတိုင်း တရားခံအား ဖမ်းဆီး မမိနိုင်လို့ရှိရင် သို့မဟုတ် ထိုအမှုများဟာ အဟောသိကံ ဖြစ်သွားလို့ရှိရင် ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံမှုအတွက် စိုးရိမ်သည်ထက် စိုးရိမ် ပို၍ စိုးရိမ်လာရပါတယ်။ တရားခံ

များနဲ့ မြို့နယ် လုံခြုံရေးတာဝန်ကို ထမ်းဆောင်နေရသော အဖွဲ့များအကြား အားပြိုင်မှုနဲ့ စိန်ခေါ်မှု တစ်ရပ် ဖြစ်ပေါ်လာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်အတွက် လုံခြုံရေးအင်အား တိုးမြှင့်ချထား ပေးရန်နှင့်အတူ ရဲတပ်ဖွဲ့ဝင်တို့အား နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များ တပ်ဆင်ပေးပြီး နယ်စပ်ဂိတ်တိုင်းကို ခေတ်မီအောင် ပြန်လည်တည်ဆောက်ပေးရန် ခေတ်မီထောက်လှမ်းမှု အထောက်အကူ CCTV Camera များ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ ကို အကယ်၍ရှိလျှင် မည်သည့် အချိန်အခါတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုတို့၏ကိုယ်စား မေးခွန်းများကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များ၏ မြန်မာအခေါ်အဝေါ်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြရာတွင် တစ်ပြေးညီဖြစ်စေရေး နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များ၏ မြန်မာအခေါ်အဝေါ်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြရာတွင် တစ်ပြေးညီဖြစ်စေရေး နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန် ကောင်းများ တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နဲ့မြို့နယ်များရဲ့ မြန်မာအခေါ်အဝေါ်များကို အင်္ဂလိပ်ဘာသာ ဖြင့် ရေးသားဖော်ပြရာတွင် တစ်ပြေးညီဖြစ်စေရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတော်နဲ့ နိုင်ငံတကာဆက်ဆံရေးမှာ ပိုမိုမြင့် မားလာပါတယ်။ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးနဲ့ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိက အဖွဲ့အစည်းအချင်းချင်း ဆက်ဆံရေးမှာလည်း တိုးတက်လာကြပါတယ်။ ဒီလိုဆက်ဆံ ကြရာမှာ ဒေသဆိုင်ရာဖွံ့ဖြိုးရေး၊ နယ်မြေဖွံ့ဖြိုးရေးနဲ့ အလားတူ ဆက်စပ်သော ကိစ္စရပ်များ အတွက် နိုင်ငံတကာသုံးဘာသာရပ်ဖြစ်တဲ့ အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုရေးသား ဆက်သွယ်ခဲ့ကြ ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်များရဲ့ အခေါ်အဝေါ်များကို အင်္ဂလိပ် ဘာသာနဲ့ တစ်ပြေးညီဖြစ်စေရေးအတွက် စံပြုထားတဲ့ အသုံးအနှုန်းများ သတ်မှတ်သုံးစွဲရန် လိုအပ်မယ်လို့ ယူဆပါတယ်။ ဥပမာအားဖြင့် ဖော်ပြရပါလျှင် မြန်မာကို Myanmar ဟု တရားဝင် အင်္ဂလိပ်ဘာသာ စကားလုံးဖြင့် ရေးသားဖော်ပြသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့မြို့နယ်များရဲ့ မြန်မာ အခေါ်အဝေါ်များကို အင်္ဂလိပ်ဘာသာ စကားလုံးဖြင့် စံပြုရေးသားဖော်ပြရန်၊ တရားဝင်သတ်မှတ်ရန် လိုအပ်မှာဖြစ်ပါတယ်။ ယခုအခါလုပ်ငန်းသဘောအရ ဆက်သွယ်ရေးသား ဖော်ပြရာမှာ လုပ်ငန်း

ချောမွေ့ ပြီးမြောက်စေရေးအတွက် သင့်သလို The New Light of Myanmar သတင်းစာပါ အရေးအသား Myanmar Information Management Unit (MIMU) က ပြုစုဖော်ပြတဲ့ အသုံးအနှုန်းများကို ညွှန်းဆိုအသုံးပြုနေပါတယ်။ ညွှန်းဆိုဖော်ပြတဲ့ ဇစ်မြစ်များဟာလည်း ကွဲလွဲမှုများ ရှိနေပါတယ်။ ဥပမာ - ဧရာဝတီမြစ်ကို Ayeyawady ဟု ဧရာဝတီဟု တွေ့ရသလို Ayeyawaddy ဟုလည်း ဧရာဝတီ ဟုလည်း တွေ့ရှိရပါတယ်။ အလားတူ ဘိုကလေး မြို့ကို Bogale ဘိုကလေးလို့ ရေးသလို Bogalay ဘိုကလေးလို့လည်း ရေးသားခဲ့ကြပါတယ်။ မကွေးကို Magwe မကွေးနဲ့ Magway မကွေးလို့ တွေ့ရသလို အင်းလေးကို Inle အင်းလေးနဲ့ Inlay အင်းလေးလို့ ရေးသားဖော်ပြတာကိုလည်း တွေ့ရပါတယ်။ သာကေတကို Thakayta သာကတ ထက် Thaketa သာကေတ ဆိုပြီးတော့ အသီးသီးသင့်တော်သလို ရေးသားဖော်ပြနေတာကို တွေ့ရှိနေရပါတယ်။ ၎င်းထက် ခက်ခဲတဲ့ မြို့အမည်များကို အမျိုးမျိုး အလျဉ်းသင့်သလို ရေးသားဖော်ပြနေတာကို တွေ့ရှိရပါတယ်။ ယခင်ကမြို့အမည်များကို ရေးသားဖော်ပြရာမှာ ၁၉၇၃ ခုနှစ်၊ လူဦးရေသန်းခေါင် စာရင်း၊ ၁၉၈၃ ခုနှစ်၊ လူဦးရေသန်းခေါင် စာရင်းနဲ့ ပြည်ထဲရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်တဲ့ ပြန်တမ်းအခေါ်အဝေါ်များကို ရည်ညွှန်းအသုံးပြုခဲ့ကြတဲ့ အစဉ်အလာရှိပါတယ်။

ယခု အခါမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူဦးရေ သန်းခေါင်စာရင်းကိုလည်း ၂၀၁၄ ခုနှစ်မှာ ကောက်ယူရန် ရှိနေပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်များရဲ့ မြန်မာ အခေါ်အဝေါ်များနဲ့ ယှဉ်တွဲပြီး အင်္ဂလိပ်ဘာသာနဲ့ ရေးသားခေါ်ဝေါ်တဲ့ အသုံးအနှုန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနက စံပြုသတ်မှတ်ဖော်ပြပေးနိုင်ခြင်း ရှိ/မရှိ နဲ့ အများပြည်သူတို့ ကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်အတွက် ကိုးကားစာအုပ်များ ထုတ်နုတ်ဖြန့်ချိပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၄။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကျွန်တော် ရှမ်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်နဲ့ အညီ ခေတ်မီရဲတပ်ဖွဲ့ဖြစ်စေရေးအတွက်ကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာမှာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံများကို ပြင်ဆင် တိုးချဲ့မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နေပြည်တော်၊ တိုင်းဒေသကြီး/

ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများ၊ မြို့မရဲစခန်းများ၊ ရဲကင်းများ၊ သတင်းရဲတပ်ဖွဲ့၊ မှုခင်း ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့ တို့ကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရဲတပ်ရင်းများ တိုးချဲ့ဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့တဲ့အပြင် ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွား လုံခြုံရေးရဲတပ်ဖွဲ့၊ ရေနံမြေလုံခြုံရေး ရဲတပ်ဖွဲ့နဲ့ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့များကိုလည်း အသစ်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အင်အားဖြည့်တင်းမှုအနေနဲ့ လက်ရှိ ဖွဲ့စည်းပုံမှာ လူဦးရေ (၁)သိန်းလျှင် ရဲတပ်ဖွဲ့အင်အားအနေဖြင့် (၁၁၆)ဦးဖြစ်ရာ ရဲနဲ့နိုင်ငံလူဦးရေအချိုးကတော့ (၁)အချိုး (၈၆၁)ဖြစ်လို့ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အတိုင်း မြန်မာနိုင်ငံသား လူဦးရေ(၁)သိန်းမှာ ရဲ(၂၅၀)နှုန်း ဖြင့် ရဲနဲ့ နိုင်ငံသားဦးရေအချိုး (၁)အချိုး(၄၀၀)အထိဖြစ်အောင် အင်အားဖြည့်တင်း ဆောင်ရွက်လျက် ရှိပါတယ်။ မူဆယ်မြို့နယ်အတွင်းမှာလည်း မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မူဆယ် မြို့မရဲစခန်း၊ ပန်ဆိုင်း-ကျူကုတ်-မုန်းပေါ်-မန်ဟီတို့အပါအဝင် နယ်မြေရဲစခန်း(၃)ခုတို့ဖြင့် ဖွဲ့စည်း ထားပါတယ်။ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့ဟာ ဖွဲ့စည်းပုံခွင့်ပြုချက်အရ တပ်ဖွဲ့ဝင်အင်အား စုစုပေါင်း (၂၃၁)ဦး ဖြစ်ပေမယ့်လည်း နယ်မြေအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး လိုအပ်ချက်အရ တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား(၂၄၀)ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ လက်ရှိရဲတပ်ဖွဲ့ အင်အားအနေနဲ့ မူဆယ်မြို့နယ်ရဲ့ လူဦးရေအချိုးနဲ့ ကြည့်မယ်ဆိုပါက (၂၄၀)အချိုး(၁၂၆၀၅၉) ဖြစ်တဲ့အတွက် ရဲနဲ့ ပြည်သူအချိုးမှာ (၁)အချိုး(၅၂၅)ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ တစ်နိုင်ငံလုံးအနေနဲ့ ရဲနဲ့ ပြည်သူအချိုးမှာ (၁)အချိုး(၈၆၁) ဖြစ်ပေမယ့်လည်း နယ်စပ်မြို့ဖြစ်တဲ့အတွက် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက်ကို အင်အားပိုမိုဖြည့်တင်း ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။ မူဆယ်မြို့ဟာ နယ်စပ်မြို့ဖြစ်တဲ့အတွက် အချို့ဖြစ်စဉ်များမှာ ပြစ်မှုကျူးလွန်သူများဟာ တစ်ဖက် နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့တဲ့အတွက် တရားခံများဖမ်းဆီးရမိရေးကို (၂)နိုင်ငံ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် တစ်ဖက်နိုင်ငံရောက် တရားခံများကို ဖမ်းဆီး ရမိတဲ့ ဖြစ်စဉ်များရှိသလို၊ တစ်ဖက်နိုင်ငံက တရားခံများကိုလည်း မြန်မာနိုင်ငံမှ ပူးပေါင်းဖမ်းဆီး ပေးတဲ့အတွက် တစ်ဖက်နိုင်ငံကို လွှဲပြောင်းပေးအပ်ခဲ့တဲ့ ဖြစ်စဉ်များလည်း ရှိခဲ့ပါ တယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့တဲ့ ဖြစ်စဉ်များနဲ့ ပတ်သက်ပြီးလည်း တချို့ ဖြစ်စဉ်များဟာ စုံစမ်းစစ်ဆေးဖော်ထုတ်ဆဲဖြစ်သလို တချို့ဖြစ်စဉ်များအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ တရားခံများ ရရှိပြီးတော့၊ ကျွန်တော်တို့ တရားစွဲဆိုခဲ့တဲ့ ဖြစ်စဉ်များလည်း ရှိပါတယ်။ ဒါ့အပြင် တချို့ဖြစ်စဉ်များမှာဆို (၁)နာရီအတွင်း ဖမ်းဆီးရမိသလို၊ တချို့ဖြစ်စဉ်များမှာလည်း (၄၈)နာရီ အတွင်း ဖမ်းဆီးရမိခဲ့တဲ့ ဖြစ်စဉ်များလည်းရှိကြောင်း ဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ နယ်စပ်ဒေသမှာရှိတဲ့ မြို့နယ်များကို လုံခြုံရေးအတွက် နိုင်ငံတကာအဆင့်မီ လက်နက်များကို တပ်ဆင်ရာမှာ မူဆယ်မြို့နယ်အတွင်း ခေတ်မီမောင်းပြန်သေနတ် လက်နက်များကို ဖွဲ့စည်းပုံအညီနဲ့ အချိုးကျ တပ်ဆင်ပေးထားပြီး ဖြစ်ပါတယ်။ မူဆယ်မြို့နယ်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ထိစပ်နေတဲ့ နယ်စပ်မြို့ဖြစ်တဲ့အပြင် ကုန်စည်ကူးသန်းရောင်းဝယ်မှု စည်ကားတဲ့မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ နယ်စပ်ဂိတ်ကို ခေတ်မီအောင် တည်ဆောက်ရာမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများက

စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် ကျွန်တော်တို့ CCTVများ တပ်ဆင်နိုင်ခြင်းမရှိသေးသော်လည်း ကျွန်တော်တို့ ဆောင်ရွက်မယ်ဆိုရင် နယ်စပ်မြို့များကို ဦးစားပေး ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မူဆယ်မြို့မှာ CCTV အပါအဝင် ခေတ်မီ ထောက်လှမ်းမှု အထောက်အကူပစ္စည်းများကို လောလောဆယ်အနေနဲ့ တပ်ဆင်ပေးနိုင်ခြင်း မရှိ သေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ကျွန်တော်ပဲ ဆက်လက်ဖြေ ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခုနဲ့ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ နေပြည်တော်ဟူ၍ ဖွဲ့စည်းထားရှိခဲ့ရာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့အထိ တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ် (၇)ခုနဲ့ နေပြည်တော်တို့မှာ ခရိုင်(၇၄)ခရိုင်၊ မြို့နယ်(၃၃၀)မြို့နယ်၊ မြို့နယ်ခွဲ(၈၄)ခု၊ မြို့(၄၀၇)မြို့၊ ရပ်ကွက်ပေါင်း(၃၁၀၀)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၃၆၂၃)အုပ်စုနဲ့ ကျေးရွာ(၆၄၀၄၀)ရွာတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၄ မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းမှာရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင် နယ်နိမိတ်များကို ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော် သမ္မတထံ ထောက်ခံတင်ပြပြီး၊ နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည် ဟု ဆိုပြီး ပြဋ္ဌာန်းထားရှိရာ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များရဲ့ ထောက်ခံတင်ပြချက်များအပေါ် ပြည်ထဲရေးဝန်ကြီးဌာနသို့ သဘောထား တောင်းခံလာပါက စိစစ် တင်ပြ ဆောင်ရွက်ရပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့အညီ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နယ် သို့မဟုတ် ခရိုင် နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ကိစ္စရပ်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ယခင်အစိုးရလက်ထက်များမှာ အဆိုပါကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာနက အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ရာ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနဲ့ ကျေးရွာများတည်ရှိမှု စာရင်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနကပင် ပြုစုထုတ်ဝေဖြန့်ချိ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုပြုစုထုတ်ဝေ ဆောင်ရွက်လျက်ရှိရာမှာ ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာဘာသာဖြင့်သာ ထုတ်ဝေ ဖြန့်ချိ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါ အမည်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြ ရာမှာ တစ်ပြေးညီ ဖြစ်စေရေးအတွက်ကို စံပြုထားတဲ့ အသုံးအနှုန်းများနဲ့ ပတ်သက်လို့ အင်္ဂလိပ် ဘာသာဖြင့် ရေးသားသုံးစွဲမှုကို ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပါဘူး။

ယခုအခါမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံတကာဆက်ဆံရေးမှာ ပိုမို မြင့်မားလာတာနဲ့အညီ နိုင်ငံတကာသုံးဘာသာရပ်ဖြစ်တဲ့ အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုရေးသား ဆက်သွယ်ကြရာမှာ တစ်ပြေးညီဖြစ်စေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲနဲ့ မြို့များရဲ့ မြန်မာအခေါ်အဝေါ်များကို အင်္ဂလိပ်ဘာသာဖြင့်

ရေးသားပြုစု ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများနဲ့ မြို့များရဲ့ မြန်မာအခေါ်အဝေါ်နဲ့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခေါ်ဝေါ်တဲ့ အသုံးအနှုန်းများကို ကျွမ်းကျင်သူပညာရှင်များဖြင့် ပြန်လည်စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်၊ ၂၃/၂၀၁၃ မှတ်တမ်းဖြင့် သဘောတူကြောင်း အကြောင်းကြားလာခဲ့ရာ အများပြည်သူတို့ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန်အတွက် မြန်မာ၊ အင်္ဂလိပ် ဘာသာပြန်ဆိုချက်များဖြင့် ထုတ်လုပ်ဖြန့်ချိ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်း တွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## မင်းကင်းမြို့နယ်အတွင်းရှိ ဝေးလံခေါင်းပါးသော ပျဉ်းကိုင်းဒေသရှိ ကျေးရွာများအား ကျန်းမာရေးအဆင့် မြှင့်တင်ပေးပါရန် နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က မင်းကင်းမြို့နယ်အတွင်းရှိ ဝေးလံခေါင်းပါးသော ပျဉ်းကိုင်းဒေသရှိ ကျေးရွာများအား ကျန်းမာရေး အဆင့်မြှင့်တင်ပေးပါရန် နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ကြယ်ပွင့်မပြမေးခွန်းအနေနဲ့ မေးမြန်းခဲ့ဖူးပါတယ်။ အဲဒီတော့ ကျန်းမာရေးဝန်ကြီးဌာနက ကျွန်တော်တို့ ဖြေကြားခဲ့ပြီး ဒါပေမဲ့ ဖြေကြားတဲ့နေရာမှာ ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပြီးကြောင်းသာ ဖြေကြားခဲ့ပါတယ်။ ကျွန်တော်တို့ လိုချင်တာကတော့ ကျေးလက်ကျန်းမာရေးဌာန တစ်နည်းအားဖြင့် RHC ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီဒေသနဲ့ ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းပြောကြားလိုပါတယ်။ စစ်ကိုင်းတိုင်း၊ ကလေးခရိုင်၊ မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်းကျေးရွာအုပ်စုဟာ လမ်းပန်းဆက်သွယ်ရေး အခြေအနေဟာ အင်မတန် ဆိုးရွားပါတယ်။ မင်းကင်း မြို့နယ်ကနေပြီးတော့မှ ချင်းတွင်းမြစ်ကြောင်းအတိုင်း (၁၅)မိုင်လောက် စုန်လိုက်ရင် မောက္ကတော်ကျေးရွာ ရောက်ပါတယ်။ အဲဒီ မောက္ကတော်ကျေးရွာကနေ စေတစ်လုံး ချောင်းရိုးအတိုင်း ဆန်တက်တဲ့အခါမှာ မိုင်(၂၀)ကျော်သွားရောက်မှ ပျဉ်းကိုင်းကျေးရွာကို ရောက်ပါ တယ်။ ပျဉ်းကိုင်း ကျေးရွာအုပ်စု ကျန်တဲ့ အုပ်စုတွေဟာ အဲဒီကနေ ဆက်ပြီးသွားရတာ ဖြစ်ပါတယ်။

အဲဒီတော့ စေတစ်လုံးချောင်းဆိုတာ ရေကျရင် ဝါးလုံးထိုး ကျဆင်းပြီးတော့ ရေမကျတဲ့အချိန်မှာ ပေ ၂၀၀-၃၀၀ ခန့်ကျယ်တဲ့ သဲချောင်းကြီး ဖြစ်ပါတယ်။ ခုခေတ်ဆိုင်ကယ်တွေနဲ့သွားလို့ရသော်လည်းပဲ လမ်းဟူ၍ သတ်သတ်မှတ်မှတ် မရှိဘဲ သဲတောမှာ စီးရတာဖြစ်တဲ့အတွက် အန္တရာယ်ကြီးမားပါတယ်။ မြေပုံကိုလည်း ကျွန်တော်ပူးတွဲ တင်ပြထားပါတယ်။

ကျွန်တော်တို့ ဒီပျဉ်းကိုင်းကျေးရွာအုပ်စုဟာ မဟာမြိုင်တောကြီးထဲမှာရှိတာဖြစ်ပါတယ်။ မဟာမြိုင်တောကြီးဟာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလမ်း စတဲ့ အဖိုးတန်သစ်တွေ နှစ်ပေါင်း (၅၀)လောက် ထုတ်ယူခဲ့ပြီး တန်ချိန်ပေါင်းဟာ သန်းချီပြီးဖြစ်ပါတယ်။ မောက္ကတော်ကျေးရွာဆိုတာ မြန်မာပြည်မှာ အကြီးဆုံးသစ်ဆိပ်လို့တောင်မှ တင်စားခဲ့ရတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေများစွာကိုလည်း ရှာဖွေပေးနိုင်ခဲ့တဲ့ မဟာမြိုင်တောကြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ မဟာမြိုင်တောထဲက ကျေးရွာတွေကတော့ ဆင်းရဲတွင်း နက်မြဲနက်လျက် ရှိပါတယ်။ ဆင်းရဲတွင်း နက်တဲ့အပြင် ကျန်းမာရေးစောင့်ရှောက်မှုဟာ အင်မတန်မှဆိုးရွားတာကို တွေ့ရပါတယ်။ ကျွန်တော် ဒီဒေသကို ဖွံ့ဖြိုးရေးကိစ္စတွေနဲ့ သွားဖူးပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မှ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းရန်လည်း သွားဖူးပါတယ်။ အဲဒီမှာ ကျွန်တော် ဒီမေးခွန်းမေးရခြင်း အကြောင်းအရင်းတစ်ခုက ဘာလဲဆိုရင် ကျွန်တော်သွားရင်းနဲ့ အဲဒီမှာ ကျွဲခတ်ခံရတဲ့ လူနာတစ်ယောက် ကျွန်တော်တို့နဲ့ တိုက်တိုက်ဆိုင်ဆိုင် ကြုံပါတယ်။ အဲဒီကျွဲခတ်ခံရတဲ့ လူနာကို မင်းကင်းဆေးရုံကို ပို့ရမှာဖြစ်တဲ့အတွက် အဲဒီသဲချောင်းကြီးအတိုင်း ထမ်းစင်နဲ့ သယ်ရပါတယ်။ ထမ်းစင်နဲ့ သယ်ရတဲ့နေရာမှာ တစ်ရွာလုံးထွက်ပြီး လူ ၆၀၊ ၇၀ လောက် ကျန်းမာရေးကောင်းတဲ့သူ မှန်သမျှ မိန်းမ၊ ယောကျ်ားမကျန် ထွက်ပြီးတော့ သယ်ရတာ ဖြစ်ပါတယ်။ သူက မြန်မြန်ရောက်အောင်၊ သွေးထွက်မလွန်အောင် သယ်ရတာဖြစ်တဲ့အတွက် ပြေးပြီးသယ်တာ ဖြစ်ပါတယ်။ ပြေးပြီးသယ်တာ ဖြစ်တဲ့အတွက် ထမ်းစင် တစ်ဆင့် တစ်ဆင့်၊ တစ်ယောက်က ညောင်းရင် တစ်ယောက်က ဝင်ထမ်း အဲဒီလို သယ်သွားရပါတယ်။ အဲဒီတော့ မောက္ကတော် ရောက်ပါတယ်။ မောက္ကတော်ရောက်တဲ့ အခါ မပြီးသေးပါဘူး။ အဲဒီမှာ အဆင်သင့် စက်လှေတစ်စီး ထားပြီး အဲဒီ စက်လှေနဲ့ မင်းကင်းကို ပို့ရတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလူနာဟာ ကျွန်တော် ကြားသိရတာကတော့ အသက်ရှင်တယ်လို့ သိရ ပါတယ်။ ဒါပေမဲ့ ဒါဟာ မောက္ကတော်နဲ့ (၅)မိုင်လောက်ပဲဝေးတဲ့ နေရာက ဖြစ်ပါတယ်။ ပျဉ်းကိုင်းဒေသ မဟုတ်သေးပါဘူး။ ပျဉ်းကိုင်းဆိုတာက မောက္ကတော်နဲ့ မိုင်(၂၀) ကွာဝေးပါတယ်။ အဲဒီနေရာ မှာသာ ဖြစ်ခဲ့မယ်ဆိုရင် ဒီကျွဲခတ်ခံရတဲ့လူဟာ သေချာပေါက် သေဆုံးမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ပျဉ်းကိုင်းဒေသမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိတဲ့အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ မှာက သားဖွားဆရာမပဲရှိတာ ဖြစ်ပါတယ်။ ဒီသားဖွားဆရာမအနေနဲ့ သူ့ရဲ့အတတ်ဟာ သားဖွားတဲ့ အတတ်ပဲ ဖြစ်ပါတယ်။ သူ့မှာ ကျန်းမာရေးစောင့်ရှောက်မှုထက် အဆင့်မြင့်တဲ့ နည်းပညာ မတတ် ပါဘူး။ ဒါကြောင့်မို့ ဒီမေးခွန်းကို ကျွန်တော် မဖြစ်မနေမေးမှ ဖြစ်တော့မယ်ဆိုပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနရဲ့ ရန်ပုံငွေ အခက်အခဲ၊ ဝန်ထမ်းအခက်အခဲ စတဲ့ကန့်သတ်ချက်တွေကိုလည်း နားလည်ပါတယ်။ သို့သော်လည်းပဲ ဒါကို ထည့်သွင်းစဉ်းစားဖို့ အတွက် ဒါတွေကို တင်ပြရ ခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်တွေ၊ မူဝါဒအတိုင်း ဆောင်ရွက်မည်ဆိုရင် ဒီလို ဝေးလံခေါင်ကျတဲ့ ကျေးရွာတွေဟာ လူဦးရေလည်း နည်းပါတယ်။ စီးပွားရေးလည်း အင်မတန်နည်းပါတယ်။ ဒီနေရာတွေဟာ မူဝါဒအတိုင်းဆိုရင် ဘယ်လိုမှ ကျန်းမာရေး စောင့်ရှောက်မှုဟာ ကောင်းလာစရာအကြောင်း မရှိပါဘူး။ ဒီလိုပဲ ကျန်းမာရေးနဲ့လူမှုဘဝ နိမ့်ကျနေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ် ဝေးလံခေါင်းပါးတဲ့ ပျဉ်းကိုင်းကျေးရွာမှာ ဌာနရဲ့သတ်မှတ်ချက်များကို လျှော့ပေါ့ပြီး ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## မတူပီမြို့နယ် လုံငိုးကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနကို တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဦးပေါ်လျှံလွင် က မတူပီမြို့နယ် လုံငိုးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ပေး ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပညာရှင်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းမှာ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ လုံငိုးကျေးရွာရဲ့ ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ အမျိုးသားလွှတ်တော် တတိယအကြိမ် ကြယ်ပွင့်မပြ မေးခွန်းအဖြစ် ကျွန်တော် မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ဌာနအဆင့်ဆင့်မှ တင်ပြရန်လိုအပ်ကြောင်း ဝန်ကြီးမှ ဖြေကြားခဲ့ပါတယ်။ ယခုအခါ သက်ဆိုင်ရာဌာနအဆင့်ဆင့်မှ တင်ပြရေးဆွဲထားပြီး ဖြစ်ပါသည်။ သို့သော် ၎င်းကျေးရွာအား ယနေ့တိုင် တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ခြင်း မရှိသေးပါသဖြင့် လုံခြုံမှု အနည်းဆုံးနှင့် လမ်းပန်း ဆက်သွယ်ရေး အလွန်ခက်ခဲသောဒေသဖြစ်တဲ့ ပြည်သူလူထုများကို သက်ညှာသနားသောအားဖြင့် ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးပါရန် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။

၎င်းလုံငိုးကျေးရွာဟာ ယခင် တော်လှန်ရေးအစိုးရလက်ထက်မှာ လက်ထောက်မြို့ပိုင် ရုံးစိုက်ရာမြို့တစ်မြို့ဖြစ်တဲ့အပြင် အင်္ဂလိပ်ခေတ်မှာ ဒုတိယကမ္ဘာစစ်တုန်းက အင်္ဂလိပ်တပ်စခန်း တပ်စွဲခဲ့ရာမြို့လည်း ဖြစ်ပါတယ်။ ၎င်းကျေးရွာရဲ့လူဦးရေဟာ (၁၅၀၀)ကျော်ပြီး အိမ်ခြေ(၃၀၀)ကျော် ရှိပြီး ချင်းတောင်ပိုင်း ရွာများထဲတွင် အိမ်ခြေအများဆုံးရွာတစ်ရွာ ဖြစ်ပါတယ်။ သို့ပါ၍ အောက်ပါ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ (က) လုံငိုးကျေးရွာအား ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (ခ) တိုးမြှင့်ပေးပါက မည်သည့်အချိန်တွင် တိုးမြှင့်ပေးနိုင်မည်နည်း။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၈။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းရင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ၏ မေးခွန်းနဲ့ ချင်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် တို့၏ မေးခွန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ကိုယ်စား ဒုတိယဝန်ကြီး ဖြစ်သူ မိမိ ဦးသန်းအောင် မှ ပြန်လည်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ၏ မေးထားတဲ့ မေးခွန်းဖြစ်တဲ့ မင်းကင်းမြို့နယ်အတွင်းရှိ ဝေးလံခေါင်းပါးသော ပျဉ်းကိုင်း ဒေသရှိ ကျေးရွာအား ကျန်းမာရေးအဆင့်မြင့် တိုးမြှင့်ပေးရန် မေးခွန်းနဲ့ စပ်လျဉ်းပြီး စတင်ဖြေကြားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပျဉ်းကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ(၁)ခု အသစ်ဖွင့်လှစ်နိုင်ရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ၄-၃-၂၀၁၃ ရက်နေ့တွင် ခွင့်ပြုမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။ တင်ပြပါ ပျဉ်းကိုင်းကျေးရွာတွင် နေထိုင်သော လူဦးရေမှာ (၃၃၂၈)ဦးသာရှိသဖြင့် ကျေးလက်ကျန်းမာရေးအဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း မရှိသေးကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲဖြင့်သာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါတယ်။ ဖြေကြားရန်လည်း ရည်ရွယ်ပြီး ယနေ့ အစည်းအဝေးကို တက်ရောက်လာခြင်း ဖြစ်ပါတယ်။ မေးခွန်းမေးတဲ့ ဦးသိန်းလှိုင် ၏ ရှင်းလင်းပြောကြားချက်နှင့် လမ်းခရီး အခြေအနေဟာ မြေပြင်အခြေအနေအရ မိမိတို့ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ပေးအပ်ရန် လိုအပ်နေတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြန်လည်ပြီး မိမိ၏ ဝန်ကြီးဌာနမှာ အထက်အကြီးအကဲများကို တင်ပြပြီး အကောင်းဆုံးဖြစ်အောင် ပြန်လည်ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ်အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ၏ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားပါမယ်။ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ ရေဇွာမြို့နယ်တွင် ခုတင်(၁၆)လုံးဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ လိုင်လင်းပီးတွင် ခုတင်(၁၆)လုံးဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ စုစုပေါင်းဆေးရုံ(၃)ရုံ ရှိပါတယ်။ ကျေးလက် ကျန်းမာရေးဌာနအနေဖြင့် စန်တပ်၊ လုံငိုး၊ ရွာထလိုင်၊ မဒူ၊ တန်ကူးလ်၊ ဆဘောင်းပီ၊ ရေဇွာ၊ လိုင်လင်းပီး၊

ရှာတလိုင်း စုစုပေါင်း(၉)ခု ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ယခု တင်ပြသော လုံငိုးကျေးရွာ၊ လုံငိုးကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၂-၈-၂၀၁၃ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၁၉-၈-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားကို ယခု ရယူပါမယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၇(င) -

ပုဒ်မခွဲ(ဃ)ပါ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအပြင် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းနိုင်ရေးနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်နိုင်ရေး၊ ထိုသို့ အပ်နှင်းထားသည့် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့ တစ်ခုခုအား သတ်မှတ်ချက်များနှင့် မညီညွတ်ကြောင်း လုံလောက်သောအကြောင်း ပေါ်ပေါက်လာပါက ပြန်လည်ရုပ်သိမ်းနိုင်ရေးတို့အတွက် တက္ကသိုလ်သို့ လမ်းညွှန်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၁၆(က)(၁) -

တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်များနှင့် အခြား စေတနာရှင်များက ၎င်းတို့၏ သဘောဆန္ဒအလျောက် ထည့်ဝင်ငွေများ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆(က)(၁) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆(က)(၁)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၂၀ -

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ထောင်ထား သော ရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်း နိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း၊ တက္ကသိုလ်နှင့် ပုဒ်မ(၄)အရ တည်ထောင်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းတစ်ခုခုအား ဆက်ခံခွင့် ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ပဉ္စမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဥ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၁၇ နာရီ အချိန်တွင် ရပ်နားပါသည်။]